## Myanmar Technologies and Investment Corporation Public Co., Ltd. (MTI)

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

**အခမ်းအနားအစီအစဉ်**

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှစ်ပတ်လည်အထွေထွေအစည်းအဝေး အခမ်းအနားဖွင့်လှစ်ကြောင်းကြေညာခြင်း။

၂။ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်က အဖွင့်အမှာစကားပြောကြားခြင်း။

၃။ အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းဦးက Financial Position နှင့် ရှေ့လုပ်ငန်းစဉ်များအားတင်ပြခြင်း။

၄။ စာရင်းစစ်အဖွဲ့ဝင်တစ်ဦးက စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားအတည်ပြုခြင်း။

၅။ အစုရှယ်ယာရှင်များက ကြိုတင်ပေးပို့ထားသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း။

၆။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ရွေးချယ်ခန့်ထားခြင်း။

၇။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ရွေးချယ်ထားသော ဒါရိုက်တာအသစ်များအား အတည်ပြုခြင်း။

၈။ ၂၀၂၄-၂၀၂၅ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက အမှာစကားပြောကြားခြင်း။

၉။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်းကြေညာခြင်း။

| | | |
|---|---|---|
| **နေ့ရက်** | - | **၅-၁၀-၂၀၂၄ (စနေနေ့)** |
| **အချိန်** | - | **နံနက် (၁၀:၀၀) နာရီ** |
| **ကျင်းပမည့်ပုံစံ** | - | **Zoom Video Conference (Online)** |

**အစီအစဉ် (၁) အရ** - အခမ်းအနားမှူး ဒေါ်ယုယုခိုင်က အခမ်းအနားအစီအစဉ်များကို ဦးစွာဖတ်ကြားပြီးနောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁၁)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖွင့်လှစ်ကြောင်း၊ ကြေညာပါသည်။

**အစီအစဉ် (၂) အရ** - ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် -

"အားလုံးပဲ "မင်္ဂလာပါ"ပါခင်ဗျာ။

လေးစားအပ်ပါသော Online မှ တက်ရောက်ကြတဲ့ အစုရှယ်ယာရှင်လူကြီးမင်းများ၊ လူကိုယ်တိုင်ကြွရောက်ကြတဲ့ ဒါရိုက်တာအဖွဲ့ဝင်များ ဧည့်သည်တော်လူကြီးမင်းများနှင့် **"Win Thin & Associate"** မှ ဧည့်သည်တော်များခင်ဗျာ၊ ယနေ့ ကျင်းပတဲ့ MTI အများပိုင် ကုမ္ပဏီရဲ့ နှစ်ပတ်လည်အထွေထွေအစည်းအဝေး

ကြီးကို ကြွရောက်ချီးမြှင့်ပေးကြတဲ့အတွက် အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။

ကျွန်တော်များ မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီဟာ နှစ်စဉ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးများကျင်းပလာခဲ့သည်မှာ ယခုအကြိမ်ဆိုလျှင် (၁၁) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ယခုနှစ်မှာတော့ Online ကနေပဲ ZOOM Video conferencing နဲ့ ကျင်းပပြုလုပ်ရသည့်အပေါ် အစုရှယ်ယာရှင်များအားလုံး နားလည်ပေးနိုင်ကြမယ်လို့မျှော်လင့်မိပါတယ်။

ကျွန်တော်များ MTI အများပိုင်ကုမ္ပဏီက ယနေ့အထိ ရင်းနှီးမြှုပ်နှံထားတဲ့ ငွေပမာဏကတော့ (၉.၉၄၇) ဘီလီယံကျပ်ဖြစ်ပါတယ်။ ဒီရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းများထဲကမှ MTSH လို့ခေါ်တဲ့ မြန်မာသီလဝါ SEZ ဟိုးလ်ဒင်း(စ်)ပက်ပလစ်ကုမ္ပဏီဟာဆိုရင် နှစ်စဉ် အမြတ်ဝေစုများ ခွဲဝေပေးခဲ့တာကြောင့် ကနဦးကရင်းနှီးမြှုပ်နှံခဲ့တဲ့ ငွေပမာဏထက်သာလွန်တဲ့ အကျိုးအမြတ်များ ရရှိခဲ့ပြီးဖြစ်ပါတယ်။ ၎င်းအပြင် MTI အများပိုင်ကုမ္ပဏီက ငွေပမာဏအများဆုံး ရင်းနှီးမြှုပ်နှံထားတာလို့ပြောလို့ရတဲ့ MNTH လို့ခေါ်တဲ့ မြန်မာနေရှင်နယ်တယ်လီကွန်းဟိုးလ်ဒင်း(စ်)ပက်ပလစ်ကုမ္ပဏီဟာဆိုရင်လည်း အမြတ်ဝေစုများခွဲဝေဖို့ ယခင်ကသတ်မှတ်ထားခဲ့တဲ့ အချိန်ကာလတစ်ခု ရွှေ့ဆိုင်းသွားခဲ့တာကလွဲရင် အခြေအနေကောင်းပြီး ရင်းနှီးမြှုပ်နှံမှု မှန်ကန်ခဲ့တယ်လို့ပဲပြောရမှာဖြစ်ပါတယ်။ MNTH ဟာ Mytel မှာ ယနေ့အထိ အစုရှယ်ယာ ၁၂ % ပိုင်ဆိုင်ထားတဲ့အပြင် Myanmar National Telecom Infra Co., Ltd. (MNTI) ကို တည်ထောင်ပြီး တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ တာဝါတိုင်စုစုပေါင်း (၃၄၈) တိုင်ရှိပြီး တစ်လလျှင်ဝင်ငွေ ကျပ်သန်း (၈၀၀) ကျော်ရရှိတယ်လို့ ကြားသိရပါတယ်။ ၎င်းလက်ရှိတာဝါတိုင်များမှာ အခြား Telecom Operator များမှ ငှားရမ်း အသုံးပြုမည့် ပရောဂျက်အသစ်များကိုလည်း လုပ်ကိုင်ရန်စီစဉ်လျှက်ရှိတယ်လို့လည်း ကြားသိရတဲ့အတွက် အလားအလာကောင်းတယ်လို့ပြောရမှာပဲဖြစ်ပါတယ်။

အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ၊ MTI က ၁၀၀% ရင်းနှီးမြှုပ်နှံထားတဲ့ “လိုရာမြန်မာကုမ္ပဏီလီမိတက်” ကို ၂၀၂၄ ခုနှစ်၊ မေလမှာ Myanmar Technology Gateway (MTG) က အကျိုးတူပူးပေါင်းလုပ်ဆောင်ရန် ကမ်းလှမ်းခဲ့သည့်အပေါ် ဒါရိုက်တာအဖွဲ့က အကြိမ်ကြိမ်အစည်းအဝေးများကျင်းပပြီးနောက် ပြည်တွင်းဈေးကွက်အတွင်း ပိုမိုထိရောက်စွာ ထိုးဖောက်နိုင်ရန်ရည်ရွယ်ကာ MTG ရဲ့ ကမ်းလှမ်းချက်ကို လက်ခံပြီး လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခဲ့ပါတယ်။ စာချုပ်မချုပ်ဆိုမီ MTI အများပိုင်ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်များအားလုံးထံသို့ MTG ရဲ့ ကမ်းလှမ်းချက်ကို အသိပေးအကြောင်းကြားခဲ့ပြီး ၎င်းကမ်းလှမ်းချက်ထက်သာလွန်တဲ့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ဆန္ဒရှိပါက (Swiss Challenge) လုပ်ပြီး MTI အများပိုင်ကုမ္ပဏီသို့ အကြောင်းပြန်ကြားရန်လည်းဖိတ်ခေါ်ခဲ့ပါတယ်။ သို့သော်လည်း သတ်မှတ်ရက်အထိ မည်သည့် အစုရှယ်ယာရှင်ကုမ္ပဏီကမှ အကြောင်းမပြန်ကြားခဲ့တာကြောင့် MTG ရဲ့ ကမ်းလှမ်းချက်ကို လက်ခံခဲ့တာပဲဖြစ်ပါတယ်။

နောက်ထပ်ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်တဲ့ Myanmar Payment Solution Services Co., Ltd. (MPSS) မှာဆိုရင် ကျွန်တော်များ MTI ကုမ္ပဏီက ၃၄.၁၃ % ပိုင်ဆိုင်ပြီး MPSS သည် Octoverse ဆိုတဲ့ Mobile Payment Gateway တစ်ခုကိုတည်ထောင်ကာ Payment Gateway Platform ပေါ်ကနေ အဆင်ပြေချောမွေ့စွာဖြင့် ဘဏ်များနဲ့ ချိတ်ဆက်ပြီး ဝန်ဆောင်မှုများ ပေးလျှက်ရှိနေပြီဖြစ်ပါတယ်။ ၎င်းအပြင် အခြားသော Payment Method များစွာနဲ့ ပေးချေထားတဲ့ Transaction များကိုလည်း ၄င်းတို့ပေးချေစေလိုသည့် Merchant Account သို့ Settlement လုပ်ဆောင်ပေးနိုင်မှာဖြစ်သည့်အပြင် Tax Aggregator Service ဖြင့်လည်း ဘဏ်များနဲ့ ချိတ်ဆက်ပြီး Online ပေါ်ကနေ အခွန်ပေးဆောင်နိုင်ရန် နည်းပညာပိုင်းနှင့် Service ပိုင်းကိုလည်း တွင်ကျယ်စွာ လုပ်ဆောင်လျှက်ရှိပါတယ်။ ၎င်းအပြင် MPSS သည် ၂၀၂၄ ခုနှစ်၊ ဧပြီလမှာ ပြည်တွင်း၌ ကြုံတွေ့နေတဲ့ IT Industry အတွက် အသိပညာရှင် အတတ်ပညာရှင်များ ရှားပါးနေမှုကို အစားထိုး ပေးနိုင်ရန်ရည်ရွယ်ပြီး CareerVerse ဆိုသည့် Brand တစ်ခုကိုလည်း ထပ်မံမွေးထုတ်ခဲ့ပါတယ်။ CareerVerse ဟာ ပြည်တွင်းမှာရှိတဲ့ နည်းပညာသင်တန်းကျောင်းများနဲ့ပူးပေါင်းကာ IT Industry မှာ လိုအပ်နေတဲ့ လစ်လပ် ရာထူးနေရာများကို ဖြည့်စွက်နိုင်ရန်ရည်ရွယ်ပြီး လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် CareerVerse မှ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်လို့လည်း ကြားသိရပါတယ်။

အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ၊ ယခုအခါ MTI အများပိုင်ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံတစ်ခုတည်းကိုသာ လုပ်ကိုင်နေခြင်းမဟုတ်တော့ဘဲ Operation လုပ်ငန်းရပ်များကို လည်းလုပ်ကိုင်လျက်ရှိနေသည်မှာ လူကြီးမင်းများအသိပင်ဖြစ်ပါတယ်။ IT Team အနေဖြင့် Software များရေးဆွဲခြင်း၊ website များရေးဆွဲခြင်း၊ Payment Gateway Platform ရေးဆွဲခြင်းများကို လုပ်ဆောင်လျှက်ရှိပါတယ်။ အသေးစိတ်ကိုတော့ ယခုနှစ်ရဲ့ Annual Report မှာ ဖော်ပြထားရာ အစုရှယ်ယာရှင်များအားလုံးသိရှိနိုင်ဖို့ ကျွန်တော်များ MTI ရဲ့ website ဖြစ်တဲ့ [www.mti.com.mm](http://www.mti.com.mm) မှာ တင်ထားပြီးဖြစ်ပါတယ်။ အစုရှယ်ယာရှင်ကုမ္ပဏီများအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းများအတွက် လိုအပ်သော Software များရေးဆွဲခြင်းနဲ့ အခြားသောဆက်စပ်လုပ်ငန်းများအတွက် လိုအပ်လာပါက မိမိတို့ရဲ့ MTI သို့ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းကောင်းပါးလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်များဒါရိုက်တာအဖွဲ့သည် MTI အများကုမ္ပဏီကို အနာဂတ်မှာ ပိုမိုကောင်းမွန်အောင်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင်ရည်ရွယ်ပြီး ကိုယ်စွမ်း၊ ဥာဏ်စွမ်းရှိသမျှ ကြိုးစားလုပ်ဆောင်သွားကြမှာဖြစ်သလို အစုရှယ်ယာရှင်များဘက်ကလည်း ယနေ့အချိန်အထိ (၁၀)စုနှစ်တစ်ခုကျော် စဉ်ဆက်မပြတ် ယုံကြည်စွာရင်းနှီးမြှုပ်နှံခဲ့ကြသည့်အပေါ် ကျေးဇူးအထူးပင်တင်ရှိပါကြောင်း၊ ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။” ဟု ပြောကြားခဲ့ပါသည်။

**အစီအစဉ် (၃) အရ** - အမှုဆောင်အရာရှိချုပ် ဦးမျိုးမင်းဦးက Financial Position နှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာတွင် "အားလုံးပဲမင်္ဂလာပါ။" ဟု ဦးစွာနှုတ်ဆက်ပြီး၊ ဒီကနေ့ကျင်းပတဲ့ MTI Corporation ရဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် Annual Report ကိုတင်ပြပေးရာမှာ အပိုင်း (၅) ပိုင်းခွဲပြီး ဖော်ပြသွားမှာဖြစ်ပြီး၊ အပိုင်း (၁) မှာကတော့ MTI ရဲ့ Vision, Mision နဲ့ Value ကိုဖော်ပြထားပါကြောင်း၊ အများပိုင်ကုမ္ပဏီ တစ်ခုဖြစ်တဲ့အတိုင်း Stakeholders များကိုဦးစားပေးကာ Responsibility နဲ့ Transparency ကို ဦးထိတ်ထားကာ ဆောင်ရွက်ခြင်းဖြစ်ပြီး Board member (၉) ဦးကိုလည်း Elected လုပ်ပြီး ရွေးချယ်ထားကြောင်း၊ Key achievement အနေနဲ့ကတော့ ၂၀၂၄ ခုနှစ်မှာ Loyar Myanmar Co., Ltd. အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ရာမှာ Associo award (၂) ခုရရှိခဲ့ကြောင်း၊ တစ်ခုကတော့ 2024 ASEAN-Korea Startup week ဖြစ်ပြီး နောက်တစ်ခုကတော့ Associo 2024 DX award မှာ Emerging Digital Solutions and Ecosystem Award တို့ဖြစ်ကြောင်း ဦးစွာရှင်းလင်းပြောကြားပါသည်။

ဆက်လက်ပြီး အပိုင်း (၂) အနေနဲ့ Financial ပိုင်းကိုတင်ပြရာ Non Current Assets အနေနဲ့ကတော့ (၉.၈) ဘီလီယံကျပ်ရှိပြီးတော့ Current Assets အနေနဲ့ကတော့ ကျပ် (၂,၂၃၅) သိန်းကျော်ဖြစ်ကာ Total Assets ကတော့ (၁၀.၀၇) ဘီလီယံကျပ်ဖြစ်ကြောင်း၊ Liabilities က(၈.၉၅၅) ဘီလီယံကျပ်နှင့် Current Liabilities ကတော့ (၁.၁၁၄) ဘီလီယံကျပ်ဖြစ်ပြီး Total Equity and Liabilities ကတော့ (၁၀.၀၇) ဘီလီယံကျပ် ဖြစ်ကြောင်း၊ အပိုင်း (၃) ကတော့ ၂၀၂၄ ခုနှစ်မှာ အဓိကက Loyar Myanmar ကို Transportation Industry အတွက် ရန်ကုန်မြို့ရဲ့ အချက်အခါကျတဲ့နေရာများမှာ ဝန်ဆောင်မှုများပေးလျှက်ရှိပြီး၊ Official Transport Partner အနေနဲ့ HORECA Event - Silver Sea Entertainment ၊ ရဲရင့်သူတို့ဆုံရပ် - Tiger Beer Musical Night ၊ The Concert Act ll နဲ့ Digital Talent & Career Fair – ICTTI တို့နဲ့လည်း Transportation Partner အဖြစ် "လိုရာ" ကို လူများပိုမိုသိရှိအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ နောက်ပိုင်းမှာတော့ Myanmar Technology Gateway (MTG) နဲ့ပူးပေါင်းကာ ဇူလိုင်လ (၁) ရက်နေ့စတင်ပြီး "လိုရာ" ရဲ့ Operation ကိစ္စရပ်များကို MTG က ဦးဆောင်ပြီး လုပ်ကိုင်လျှက်ရှိနေပြီဖြစ်ကြောင်း၊ ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး အခုအခါ MTI တွင် Strong Software Development Team ရှိနေပြီဖြစ်ရာ ဒီ Team ကနေ လိုအပ်တဲ့ Software များရေးခြင်း၊ Solution များပေးခြင်းနှင့် Platform များကိုလည်းတည်ဆောက်ထားပြီး Launch မလုပ်ရသေးသည့် Product များရှိကြောင်း၊ ကျွန်တော်တို့ Team အနေနဲ့ ပေးနိုင်တဲ့ Service တွေကတော့ Digital Payment Solution, System Development & Integration, E- Commerce Website, Web Development, Mobile Application Development, Tailor Made Software Development တို့ဖြစ်ကြောင်း ပြောကြားပြီး ၂၀၂၄ ခုနှစ်အတွင်း ပြီးစီးခဲ့တဲ့ Project များကိုတင်ပြရာ MRTV Broadcast Scheduler Management System ကို ၂၀၂၄ ခုနှစ်မှာ Delivery လုပ်ခဲ့ကြောင်း၊ ၎င်းအပြင် MRTV မှာရှိတဲ့ သူချင်းကြီးများ၊

ခေတ်ပေါ်တေးများအားလုံးအတွက် Library လေးတစ်ခု တည်ဆောင်ဖို့လုပ်ဆောင်ပေးခဲ့သည့်အပြင် Radio Planning ကိုလည်း Library ကတစ်ဆင့်ချိတ်ဆက်ပြီး လုပ်ဆောင်တာဖြစ်ကြောင်း၊ မဟာစည် Meditation Centre အတွက် ရေးဆွဲပေးခဲ့တဲ့ Application ဟာဆိုရင် မဟာစည်ဆရာတော်ကြီးရဲ့ တရားတော်များ၊ စာအုပ်များနဲ့ နေ့စဉ်ပြုလုပ်နေတဲ့ Live လွှင့်တဲ့တရားပွဲများ စတာတွေကို App ထဲကနေ အသုံးပြုလို့ရအောင် ဆောင်ရွက်ထားတာဖြစ်ကြောင်း၊ လောလောဆယ်မှာတော့ Android မှာအသုံးပြု၍ရနေပြီဖြစ်ပြီး iOS ကိုတော့ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြောကြားခဲ့ပါသည်။ E-Voting Project ကတော့ လွန်ခဲ့တဲ့ ၄ / ၅ နှစ် လောက်ကတည်းက ဝန်ဆောင်မှုများပေးနေခဲ့ခြင်းဖြစ်ရာ သီလဝါ SEZ နဲ့ MCB ဘဏ်တို့သည် နှစ်စဉ် နှစ်တိုင်း မပျက်မကွက် ကျွန်တော်တို့ထံက ဝန်ဆောင်မှုရယူလျက်ရှိကြောင်း၊ Pride of Myanmar ဆိုတာကတော့ “လိုရာ” ကိုဆောင်ရွက်ပြီးတဲ့နောက်ပိုင်း လုပ်ဆောင်ခဲ့တဲ့ Platform အသစ်ပဲဖြစ်ပြီး Launch လုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ နောက်တစ်ခုကတော့ MyanTickets ဆိုသည့် Platform တစ်ခုဖြစ်ပြီး ဒီနှစ် အတွင်းမှာ Pride of Myanmar နှင့် MyanTickets တို့ကို ဦးတည်ပြီးလုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြောကြားပြီး ဆက်လက်၍ Client and Partnership စာရင်းကိုလည်းပြသခဲ့ပါသည်။

## Our Client and Partnership

ဆက်လက်ပြီး အပိုင်း (၄) မှာကတော့ လာမဲ့ ၂၀၂၅ ခုနှစ်အတွက် Future Plan အားတင်ပြရာတွင် လာမည့်နှစ်မှာတော့ Pride of Myanmar နှင့် MyanTickets ဆိုတဲ့ Platform (၂) ခုကို ဦးတည်ပြီး Lauch လုပ်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ Pride of Myanmar ကတော့ မြန်မာပြည့်မှာရှိတဲ့ ပြည်တွင်းဖြစ်

ထုတ်ကုန်များကို တစ်စုတစ်စည်းတည်း ဒီ Application ထဲမှာ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပြီး၊ App အပြင် Website လည်း ရှိပါကြောင်း၊ Play store မှာလည်းရှိနေပြီဖြစ်ပြီး iOS အတွက်တော့ ဆက်လက်လုပ်ဆောင်လျှက်ရှိကြောင်း၊ ဒီ App တဲမှာဆိုရင် Product များသာမကဘဲ ဒီ Product များကိုထုတ်လုပ်တဲ့ သက်ဆိုင်ရာလုပ်ငန်းများနဲ့လည်း ချိတ်ဆက်ပေးထားကြောင်း၊ ပြည်တွင်းဖြစ်ထုတ်ကုန်တစ်ခုကို သိချင်တယ်ဆိုပါက ဒီ App ထဲမှာ ရှာလိုက်လို့ရပြီး စိတ်ဝင်စားလို့ ဝယ်ယူချင်တာပဲဖြစ်ဖြစ် လုပ်ငန်းပူးပေါင်းလုပ်ချင်တာပဲဖြစ်ဖြစ်၊ သူနဲ့သက်ဆိုင်ရာကိုချိတ်ဆက်ပြီး လုပ်ဆောင်၍ရပါကြောင်း၊ App ကနေပြီးတော့လည်း Chatting လုပ်ကာ ဆက်သွယ်လို့ရကြောင်း၊ လောလောဆယ်မှာတော့ ပထမအဆင့်အနေနဲ့ Product Showcase အနေနဲ့ပဲ လုပ်ဆောင်ထားပြီး နောင်တစ်ချိန်မှာတော့ လူသုံးများလာပါက e-Commerce အနေနဲ့ ပြောင်းလဲရန်စီစဉ်ထားကြောင်း၊ ရည်ရွယ်ချက်ကတော့ FB မှာ Online shop တွေဖွင့်လာကြတဲ့အခါမှာ Chatting ကနေပဲ ဆက်သွယ်ကာ အရောင်းအဝယ်လုပ်နေကြတာမှာ VPN အခက်အခဲများရှိလာတဲ့အခါ ဒါလေးနဲ့အစားထိုးပြီး လုပ်ဆောင်လို့ရကြောင်း၊ နောက်တစ်ခု MyanTickets ကတော့ Digital e-Ticket အနေနဲ့ ထုတ်ပေးတာဖြစ်ပြီး၊ Event တွေရှိတဲ့အခါ ဒီ Platform အပေါ်မှာလာတင်ပြီး ကြော်ငြာလို့ရကြောင်း၊ ဒီအတွက် လိုအပ်တဲ့ e-Ticket များကိုရောင်းချ၍ရကာ Payment ကိုလည်း တစ်ပါတည်း ချိတ်ဆက်ထားကြောင်း၊ ဒီ Project (၂) ခုကို လာမဲ့ ဇန်နဝါရီလမှာ Android အတွက် Features များအားလုံးပြီးစီးအောင်လုပ်ဆောင်ဖို့ ရည်ရွယ်ထားကြောင်း၊ ၎င်းအပြင် ဒီ Platform တွေကနေ Income ကို ဘယ်လိုမျိုး Generate လုပ်မလဲ? ဆိုတဲ့ Commercial Plan, Marketing Plan တွေကို ရေးဆွဲကာ ဖေဖော်ဝါရီလမှာတော့ Marketing campaign များစတင်လုပ်ဆောင်ကာ မတ်လမှာတော့ Application ကို Launch လုပ်မယ်လို့ ရည်ရွယ်ထားကြောင်း၊ စသဖြင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး အပိုင်း (၅) အနေနဲ့ အနှစ်ချုပ်ရမယ်ဆိုရင် ကျွန်တော်များ MTI အများပိုင်ကုမ္ပဏီရဲ့ IT Team အနေနဲ့ Industry ဖွံ့ဖြိုးတိုးတက်ရန် တတ်စွမ်းသမျှ တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်ပေးတာအပြင် Long term မှာ Success ဖြစ်ဖို့အတွက် ကြံစည်ကာ Project များကို လုပ်ကိုင်လျှက်ရှိကြောင်း၊ ထိုနည်းတူစွာပဲ ကျွန်တော်များဘက်ကဆောင်ရွက်သလိုပဲ Shareholders များအနေနဲ့ကလည်း ကျွန်တော်တို့ကို ပူးပေါင်းပံ့ပိုးပေးမယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ အရွေ့ဟာ ပိုမိုမြန်ဆန်မှာဖြစ်ပြီး၊ အောင်မြင်မှုကို အလွယ်တကူရရှိနိုင်မယ်ဆိုတာယုံကြည်ကြောင်း၊ အားလုံးကိုလည်း ပူးပေါင်းပါဝင်ကြဖို့တောင်းဆိုလိုပါကြောင်း၊ ပြောကြားရင်း နိဂုံးချုပ်ခဲ့ပါသည်။

**အစီအစဉ် (၄) အရ** - အခမ်းအနားမှူး ဒေါ်ယုယုခိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ စာရင်းစစ်အစီရင်ခံစာကို **"Win Thin & Associate"** စာရင်းစစ်အဖွဲ့မှ စာရင်းစစ်အဖွဲ့ဝင်ဖြစ်သော ဦးဝင်းဇလမင်းက ဖတ်ကြားပေးပါရန် လေးစားစွာပန်ကြားအပ်ပါကြောင်း၊ ပြောကြားပါသည်။

ဦးဝင်းဗလမင်းက - “အားလုံးပဲ မင်္ဂလာပါ” ဟုဦးစွာနှုတ်ခွန်းဆက်သပြီး-

“လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ Myanmar Technologies and Investment Corporation Public Co., Ltd. (MTI) ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျာ၊ ကျွန်တော်ကတော့ **“Win Thin & Associate”** စာရင်းစစ်အဖွဲ့က စာရင်းစစ် ဦးဝင်းဗလမင်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ **“Win Thin & Associate”** ၏ စာရင်းစစ်များကိုယ်စား Myanmar Technologies and Investment Corporation Public Co., Ltd. (MTI) ၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဦးစွာပထမပြောကြားလိုပါတယ်။” စသဖြင့် အစချီပြီး MTI အများပိုင်ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၏နှစ်ချုပ်စာရင်းပြင်ပစာရင်းစစ်အစီရင်ခံစာကိုလည်း ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များအားလုံးကို Online Website မှ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် စာရင်းစစ်အစီရင်ခံစာ အကျဉ်းချုပ်ကိုသာ ဖတ်ကြားတင်ပြသွားမည်ဖြစ်ကြောင်းပြောကြားပြီး၊ စာရင်းစစ်အစီရင်ခံစာအား ဖတ်ကြားအတည်ပြုခဲ့ပါသည်။

**အစီအစဉ် (၅) အရ** - အစုရှယ်ယာရှင်များက ကြိုတင်ပေးပို့ထားသည့်မေးမြန်းချက်များနှင့်ပတ်သက်ပြီး ဒါရိုက်တာအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခြင်းအစီအစဉ်ဖြစ်ရာ အစုရှယ်ယာရှင်များကကြိုတင်ပေးပို့ထားသည့်မေးမြန်းချက် (၁) စောင်လက်ခံရရှိထားသည့်အတွက် ဒါရိုက်တာအဖွဲ့ဝင်လူကြီးများက ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာပန်ကြားအပ်ပါကြောင်း၊ အခမ်းအနားမှူး ဒေါ်ယုယုခိုင်က ပြောကြားပါသည်။

| Budget | MTI Investment | | MPSS Capital | | MTI share % |
|---|---|---|---|---|---|
| | Share | Amount (Million Kyats) | Ordinary Share | Amount (Million Kyats) | |
| 2014-2015 | 450,000 | 450.00 | 1,000,000 | 1,000.00 | 45 |
| 2018-2019 | 200,000 | 200.00 | 779,020 | 779.02 | 25.67 |
| 2022-2023 | 300,000 | 300.00 | 879,020 | 879.02 | 34.13 |
| MPSS issue 3 times of ordinary share as Right issue Share @ 250MMK | | | | | 8.53 |
| 2023-2024 | 640,000 | 385.00 | 2,727,020 | 2,727.00 | 23.47 |
| Current | 877,000 | 444.25 | 2,727,020 | 2,727.00 | 32.16 |
| Unpaid | 323,000 | 80.75 | | | |

CEO ဦးမျိုးမင်းဦးက အစုရှယ်ယာရှင်တစ်ဦးထံက မေးမြန်းလာသည့် မေးခွန်း နံပါတ်(၁) ကတော့ MPSS တွင် MTI ကထည့်ဝင်ထားခဲ့သည့် အစုရှယ်ယာအနေအထားနှင့် ပတ်သက်ပြီး မေးမြန်းထားခြင်းဖြစ်ရာ အထက် ဖော်ပြပါဇယားတွင် ကြည့်ရှုနိုင်ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရှယ်ယာ (၄၅၀,၀၀၀) စု ရင်းနှီးမြှုပ်နှံခဲ့ပြီး တန်ဖိုးအားဖြင့်တော့ ကျပ်သိန်း (၄,၅၀၀) ဖြစ်ကြောင်း၊ MPSS မှ Ordinary share အနေနဲ့ (၁,၀၀၀,၀၀၀) အစု ခေါ်ယူခဲ့တဲ့အပေါ်မှာ (၄၅၀,၀၀၀) အစုဖြစ်သည့် ၄၅ % ကို Major Shareholder အဖြစ်ဝယ်ယူခဲ့တဲ့သဘော ဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ မှာတော့ MPSS ထံမှ ကျပ်သိန်း (၂,၅၀၀) ပြန်လည်ပြီး Withdraw လုပ်ခဲ့တာကြောင့် အစုရှယ်ယာ (၂၀၀,၀၀၀) သာကျန်တော့ပြီး ငွေပမာဏအားဖြင့် ကျပ်သိန်း (၂,၀၀၀) ဖြစ်ကြောင်း၊ MPSS ရဲ့ ရှယ်ယာအရေအတွက်ကတော့ (၇၇၉,၀၂၀) ဖြစ်သွားကြောင်း၊ အဲဒီအချိန်မှာတော့ MTI က MPSS မှာ ၂၅.၆၇ % ဖြစ်သွားကြောင်း၊ ၂၀၂၂-၂၀၂၃ မှာတော့ ကျပ်သိန်း (၁,၀၀၀) ပြန်လည်ထည့်ဝင်ခဲ့ရာ ရှယ်ယာတစ်စုလျှင် (၁,၀၀၀) ကျပ်နှုန်းဖြင့် အစုရှယ်ယာအရေအတွက် (၃၀၀,၀၀၀) အစု ပိုင်ဆိုင်ပြီး ၃၄.၁၃ % ဖြစ်သွားကြောင်း၊ MPSS ရဲ့ ရှယ်ယာအရေအတွက်ကတော့ (၈၇၉,၀၂၀) ဖြစ်သွားကြောင်း၊ ၂၀၂၃-၂၀၂၄ မှာတော့ MPSS က လုပ်ငန်းများတိုးချဲ့မှာဖြစ်လို့ Rights Issue ခေါ်ခဲ့ပြီး MPSS ရဲ့ Board အဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ Share Value များကိုပြောင်းခဲ့ကြောင်း၊ ယခင်က (၁,၀၀၀) ကျပ်တန်သည့် ရှယ်ယာကို (၂၅၀) ကျပ် သင့်လိုက်ပြီး Rights Issue အနေနဲ့ (၃) ရှယ်ယာ ဝယ်ယူလို့ရတဲ့သဘောဖြစ်ကြောင်း၊ အဲဒီလိုခေါ် လိုက်တဲ့အခါမှာ ကျွန်တော်တို့ MTI ပိုင်ဆိုင်ထားတဲ့ အစုရှယ်ယာအရေအတွက် (၃၀၀,၀၀၀) နဲ့ အချိုးချလိုက်မည်ဆိုပါက ၈.၅၃ % သာကျန်တော့ မည့်သဘောဖြစ်ကြောင်း၊ ဒီအခြေအနေမှာ MTI ရဲ့ Board အဖွဲ့က Rights Issue ရှယ်ယာကို ထည့်ဝင်မယ်လို့ ဆုံးဖြတ်ခဲ့ပါကြောင်း၊ ဒါကြောင့် MTI ကပိုင်တဲ့ ယခင်ရှယ်ယာ (၃၀၀,၀၀၀) ရဲ့ ၃ ဆဖြစ်တဲ့ (၉၀၀,၀၀၀) အစု အတွက် ထည့်ဝင်ရန် ကတိပြုခဲ့ပါကြောင်း၊ သို့ပါသော်လည်း MTI ရဲ့ လက်ရှိဘဏ္ဍာရေးအခြေအနေအရ တစ်လုံးတစ်ခဲတည်း ပေးသွင်းနိုင်ခြင်းမရှိတာကြောင့် အလီလီနဲ့ ပေးသွင်းခဲ့ရကြောင်း၊ ဒါကြောင့် Financial Report ထွက်သည့် ၂၀၂၄ ခုနှစ်၊ မတ်လအကုန်မှာ MTI အနေနဲ့ အစုရှယ်ယာ (၃၄၀,၀၀၀) အတွက် ထည့်ဝင်ပြီးဖြစ်ကာ ၂၃.၄၇ % ဖြစ်သွားကြောင်း၊ လက်ရှိမှာတော့ ထပ်မံထည့်ဝင်ထားပြီး ဖြစ်တာကြောင့် အခုဆိုရင် စုစုပေါင်း ရှယ်ယာအရေအတွက် (၈၇၇,၀၀၀) ဖြစ်သွားပြီး ငွေတန်ဖိုးအားဖြင့် ကျပ်သိန်း (၄,၄၄၀) ကျော်ဖြစ်ကာ ၃၂.၁၆ % ဖြစ်ကြောင်း၊ ပေးသွင်းရန်ကျန်ရှိနေတဲ့ အစုရှယ်ယာကတော့ (၃၂၃,၀၀၀) ဖြစ်ကြောင်း၊ ငွေတန်ဖိုးကတော့ (၈၀,၇၅၀,၀၀၀) ကျပ်ဖြစ်ပြီး၊ အလျင်းသင့်သလို ဆက်လက်ပေး သွင်းသွားမှာပဲဖြစ်ကြောင်း၊ စသဖြင့်ရှင်းလင်းတင်ပြခဲ့ပါသည်။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၂) နှင့် (၃) တို့ကို ဒါရိုက်တာတစ်ဦးဖြစ်သည့် ဦးဇော်မင်းဦးကဖြေကြားရာတွင် နံပါတ် (၂) ဖြစ်သည့် MPSS နှင့်ပတ်သက်ပြီး ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များ၊ Market ဝေစုအခြေအနေနှင့် ရှေ့အလားအလာများကို စာရင်းဇယားများဖြင့် ရှင်းလင်းဖြေကြားခဲ့ပါသည်။

## MPSS ၏ အလားအလာနှင့် ဘဏ္ဍာရေး ဆိုင်ရာ အချက်အလက်များ (၂၀၂၄ နိုဝင်ဘာ မှ ၂၀၂၅ ဧပြီ အထိ)

**MPSS's Market Expansion Plan**

| Market Expansion Plan | | | |
|---|---|---|---|
| **No.** | **Prospects** | **Description** | **Status** |
| 1. | YPS (Public Transport Service) | Wallet Cashin | Work In Progress |
| 2. | UCSB (Union Civil Service Board) | Application Form Fees Collection | Work In Progress |
| 3. | MOE (Ministry of Energy) | Tender Form Fees Collection | Work In Progress |
| 4. | IRD Payment Hub | Tax Collection | Work In Progress |
| 5. | Yangon, Naypyitaw, Mandalay City Development Committee | Tax Collection | Work In Progress |
| 6. | FDB Bank and SMED Bank | Software Development | Work In Progress |

### Payment Gateway Service ၏ အလားအလာ အညွှန်းကိန်းများ

| Octoverse "Payment Gateway Service" | | |
|---|---|---|
| **No.** | **Prospects** | **Qty** |
| 1. | Banking & Microfinance | 4 |
| 2. | E-Commerce | 81 |
| 3. | Education | 12 |
| 4. | Healthcare & Beauty | 6 |
| 5. | IT & ISP | 2 |
| 6. | Others | 3 |
| **Total Prospects for "Payment Gateway Service"** | | **108** |

### Payment Gateway Service ၏ ခန့်မှန်းဝင်ငွေ

| Estimated Budget Income (Optimistic) | | | | | | |
|---|---|---|---|---|---|---|
| **No** | **Integration Fees per Client** | **Transaction Fee per Client (0 ~300) transactions** | **Total Prospects** | **Total Integration Fees** | **Total Transaction Fees (6 months)** | **Total Amount** |
| 1. | 1,000,000 MMK | 30,000 MMK | 27 (108 * 25%) 25% of total prospects | 27,000,000 MMK | 4,860,000 MMK (30000 * 6 * 27) | **31,860,000 MMK** |
| **Amount in words: Thirty-One Million Eight Hundred Sixty Thousand** | | | | | | |

## အလားတူ လုပ်ငန်းများ

<table>
<tr><th>No.</th><th>Organization</th><th>Description</th><th>Remark</th></tr>
<tr><td rowspan="2">1.</td><td>2C2P Myanmar</td><td>Global Payment Gateway</td><td>Market Leader</td></tr>
<tr><td colspan="3">Chinese fintech giant Ant Group (Alibaba Group) မှ 2C2P နှင့် 18 April 2022 မှ စ၍ပူးပေါင်းလုပ်ကိုင်ပြီးနောက် နည်းပညာ၊ ဈေးကွက်ဝေစုပိုမိုရရှိလာခြင်း၊ Global Payment Gateway အနေဖြင့် Payment Methods ၂၅၀ အား ဝန်ဆောင်မှုပေးနိုင်ခြင်းများကြောင့် အင်အားကြီးသော လုပ်ငန်းတစ်ခု ဖြစ်လာခဲ့သည်။</td></tr>
<tr><td rowspan="2">2.</td><td>Dinger</td><td>Tech Startup Company</td><td>Founded in 2019 December</td></tr>
<tr><td colspan="3">2019 December တွင် Tech Startup Company ဖြင့် ဝင်ရောက်လာခဲ့သော Dinger Payment Gateway သည် Social Commerce အဖြစ် MSMEs ဈေးကွက်အား အဓိက ရည်ရွယ်သည်ဟု သုံးသပ်ရပါသည်။ Founder မှာ လူငယ်နည်းပညာရှင် ဖြစ်သည့်အလျောက် Technical Resources မလိုအပ်ပါဘဲနှင့် SaaS (Software As A Service) ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် နည်းပညာပိုင်းဆိုင်ရာ (Improvement and Development) များ စဉ်ဆက်မပြတ် ဆောင်ရွက်ပေး လျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ 2023 နှစ်လယ် ပိုင်းမှစ၍ Banking Sector သို့ ဝင်ရောက်လာခဲ့ပြီး လက်ရှိ MTB Pay အား Develop လုပ်ပေးထားပါသည်။</td></tr>
<tr><td rowspan="2">3</td><td>Octoverse (MPSS)</td><td>Local Payment Gateway</td><td>Founded in 2014<br>(Wallet Business),<br>End of 2019, started in gateway business.</td></tr>
<tr><td colspan="3">MPSS သည် 2014 မှ စ၍ မြန်မာနိုင်ငံသားဘဏ် နှင့် ပူးပေါင်းကာ 663 Mobile Wallet Business အား စတင်ခဲ့ပြီး 2019 အကုန်ခန့်တွင် Payment Gateway, Top-up/Data Pack, SMS, E-Gift Card စသည့် Gateway များနှင့် Promotion Campaign Management System များ ရေးသားကာ ဈေးကွက်သို့ 2021 တွင် စတင်ဝင်ရောက်ခဲ့ပါသည်။ 2023 မှ စ၍ နည်းပညာလုပ်သား ရှားပါးမှုအား ဖြည့်ဆည်းပေးနိုင်ရန် CareerVerse Business အားလည်း ချဲ့ထွင်လုပ်ကိုင်လျက်ရှိပါသည်။</td></tr>
<tr><td rowspan="2">4</td><td>Pay B (Blue Tech Venture)</td><td>Blue Ocean Group of Companies</td><td>Since 2019, started in gateway business.</td></tr>
<tr><td colspan="3">Blue Ocean Group of Companies Subsidiary Company တစ်ခုဖြစ်သည့် Blue Tech Venture Company မှ Pay B ဆိုသည့် Payment Gateway အား စတင်ရေးသားပြီး ဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင် လျက်ရှိပါသည်။</td></tr>
</table>

## Top-up and Data Pack Service ၏ အလားအလာ အညွှန်းကိန်းများ

| Octoverse “Top-up and Data Pack Service” | | |
|---|---|---|
| **No.** | **Prospects** | **Qty** |
| 1. | Banking | 3 |
| 2. | Mobile Top-up Reseller | 10 |
| **Total Prospects for “Top-up and Data Pack Service”** | | **13** |

## Top-up and Data Pack Service ၏ ခန့်မှန်းဝင်ငွေ

| Estimated Budget Income (Optimistic) | | | | | |
|---|---|---|---|---|---|
| **No.** | **Monthly PO Amount** | **Total Month** | **Commission** | **Total Prospect** | **Total Amount** |
| 1. | 2,000,000 MMK | 6 | 0.5% | 3 | 180,000 MMK |
| 2. | 5,000,000 MMK | 6 | 0.5% | 10 | 1,500,000 MMK |
| **Amount in words: One Million Six Hundred Eighty Thousand** | | | | | **1,680,000 MMK** |

## SMS Service ၏ အလားအလာ အညွှန်းကိန်းများ

| Octoverse "SMS Service" | | |
|---|---|---|
| **No.** | **Prospects** | **Qty** |
| 1. | E-Commerce | 5 |
| **Total Prospects for "SMS Service"** | | **5** |

## SMS Service ၏ ခန့်မှန်းဝင်ငွေ

| Estimated Budget Income (Optimistic) | | | | | | |
|---|---|---|---|---|---|---|
| **No.** | **Monthly PO Amount** | **Net Amount** | **Total Month** | **Commission** | **Total Prospect** | **Total Amount** |
| 1. | 150,000 MMK (10,000 SMS x 15 MMK) | 60,000 MMK (150,000 – 90,000) | 6 | 30% | 5 | **540,000 MMK** |
| **Amount in words: Five Hundred Forty Thousand** | | | | | | |

## E-Gift Card Service ၏ အလားအလာ အညွှန်းကိန်းများ

| Octoverse "E-Gift Card Service" | | |
|---|---|---|
| **No.** | **Prospects** | **Qty** |
| 1. | Gift Card Reseller | 1 |
| **Total Prospects for "E-Gift Card Service"** | | **1** |

## E-Gift Card Service ၏ ခန့်မှန်းဝင်ငွေ

| Estimated Budget Income (Optimistic) | | | | | |
|---|---|---|---|---|---|
| **No.** | **Monthly PO Amount** | **Total Month** | **Commission** | **Total Prospect** | **Total Amount** |
| 1. | USD 1000 | 6 | 0.5% | 1 | 30 USD |
| **Amount in words: Thirty Dollar** | | | | | **30 USD** |

Tax Aggregator Service ၏ အလားအလာ အညွှန်းကိန်းများ

| MPSS "Tax Aggregator Service" | | |
|---|---|---|
| **No.** | **Prospects** | **Qty** |
| 1. | Banking | 3 |
| **Total Prospects for "Tax Aggregator Service"** | | **3** |

Tax Aggregator Service ၏ ခန့်မှန်းဝင်ငွေ

| Estimated Budget Income (Optimistic) | | | | | |
|---|---|---|---|---|---|
| **No.** | **Monthly Transaction** | **Total Month** | **Transaction Fee** | **Total Prospects** | **Total Amount** |
| 1. | 50 | 6 | 250 | 3 | 225,000 MMK (50 * 6 * 3 * 250) |
| **Amount in words: Two Hundred Twenty-Five Thousand** | | | | | **225,000 MMK** |

CareerVerse Service ၏ အလားအလာ အညွှန်းကိန်းများ

| CareerVerse "Recruitment and Selection Service" | | | | |
|---|---|---|---|---|
| **No.** | **Prospects** | **Salary Range** | **Qty** | **Total Amount** |
| 1. | Banking | 400,000 MMK | 10 | 4,000,000 MMK |
| **Amount in words: Four Million** | | | | **4,000,000 MMK** |


ခန့်မှန်းဝင်ငွေစာရင်း


| Estimated Budget Income (Optimistic) | | | |
|---|---|---|---|
| **No.** | **Service** | **Total Amount (MMK)** | **Total Amount (USD)** |
| 1. | Payment Gateway | 31,860,000 | |
| 2. | Top-up and Data Pack | 1,680,000 | |
| 3. | SMS | 540,000 | |
| 4. | E-Gift Card | | 30 |
| 5. | Tax Aggregator | 225,000 | |
| 6. | Recruitment and Selection | 4,000,000 | |
| | | **38,305,000** | **30** |
| **Amount in words: Thirty-Eight Million Three Hundred Five Thousand (MMK)** | | | |
| **Amount in words: Thirty Dollar (USD)** | | | |

MPSS ကိုစတင်ခဲ့တာသည် ၂၀၁၄-၂၀၁၅ ခုနှစ်တွင်ဖြစ်သည့်အတွက် (၁၀) ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ တကယ်တမ်းလုပ်ခဲ့တာသည် ဘဏ်တစ်ခုနှင့်ချိတ်ဆက်ကာ Wallet လုပ်ခဲ့ပြီး နောက်ပိုင်း ၂၀၁၇-၂၀၁၈ လောက်မှာတော့ Wallet ကိုမလုပ်ဖြစ်တော့ပဲ Payment gateway ကိုဆက်သွားမယ်ဆိုပြီး ဆုံးဖြတ်ခဲ့ကြကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာ စတင်လုပ်ဆောင်ခဲ့ပေမဲ့လည်း အားလုံးသိတဲ့အတိုင်း အဲဒီအချိန်ကာလများမှာ ထိထိရောက်ရောက်မလုပ်နိုင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်မှာတော့ ကျွန်တော်တို့ ပြန်လုပ်ကြမယ်ဆိုပြီး လုပ်တဲ့အခါမှာလည်း အခြေအနေအကြောင်းကြောင်းကြောင့် အခက်အခဲများရှိခဲ့ကြောင်း၊ MPSS ရဲ့ Expenses ဟာဆိုရင် တစ်လလျှင် ကျပ်သိန်း (၁၆၀) ဝန်းကျင်ရှိကြောင်း၊ စသဖြင့်အစချီကာ အထက်ဖော်ပြပါဇယားအတိုင်း အလားအလာများကို ရှင်းလင်းဖြေကြားပြီး နောက်ဆုံးတွင် အနှစ်ချုပ်အနေနဲ့ ကျွန်တော်တို့ MPSS မှာ ရင်းနှီးမြှုပ်နှံထားတာသည် ကျပ်သိန်း (၉,၀၀၀) ခန့်ရှိပြီး၊ မှန်းထားသည့်အတိုင်းဆိုရင် လစဉ် ကျပ်သိန်း (၃၈၀) ကို Service စုစုပေါင်းကနေ ရမယ်လို့ခန့်မှန်းထားပါကြောင်း၊ Expenses ကတော့ ကျပ်သိန်း (၁၆၀) ကျော်ဖြစ်တာကြောင့် Positive ဖြစ်တယ်လို့ယူဆ၍ရကြောင်း၊ ဒါပေမဲ့လည်း လုပ်စရာတွေကတော့ အများကြီးရှိနေသေးကြောင်း၊ Payment Gateway ကတော့ အလားအလာကောင်းတယ်ပြောရမှာဖြစ်ပြီး၊ အဓိက ကတော့ ဒီရက်ပိုင်းတွေမှာ Centre Bank ကလည်း Policy အရ တော်တော်လေး Tight ဖြစ်ကာ တရားဝင်လိုင်စင် ရဖို့ကြိုးစားနေကြောင်း၊ ကျွန်တော်တို့က အစိုးရ Service တွေရဲ့ ငွေ Collect လုပ်တဲ့နေရာများမှာ ကျွန်တော်တို့နဲ့ လက်တွဲပြီးလုပ်ဖို့ လိုက်လံပြောဆို လုပ်ကိုင်နေရတဲ့သဘောရှိကြောင်း၊ ဘယ်လောက်အထိသွားနိုင်မလဲ? လို့မေးရင်တော့ ကျွန်တော်တို့ရဲ့ Competitor ဖြစ်တဲ့ 2c2p ဘယ်လောက်အထိသွားလဲ? အဲဒီလိုမျိုးပဲ ကျွန်တော်တို့ တကယ်ကောင်းရင်တော့ အဲဒီလောက်အထိသွားနိုင်မှာဖြစ်ကြောင်း၊ အခုအဓိကသွားနေတဲ့ကိစ္စက နိုင်ငံခြားသွားတဲ့သူများထံက ငွေပြန်လွှဲတဲ့ကိစ္စမှာ လိုအပ်တဲ့နေရာကိုရောက်ဖို့အတွက်ကိုလည်း ညှိနှိုင်းလုပ်ဆောင်လျှက်ရှိကြောင်း၊ MPSS အနေနဲ့ကတော့ လောလောဆယ်မှာ ခက်ခက်ခဲခဲရုံးကန်းနေရပြီး၊ အချိန်လေးတစ်ခုတော့ ပေးနေရဦးမှာဖြစ်ကြောင်း၊ ရှင်းလင်းဖြေကြားခဲ့ပါသည်။

ဆက်လက်ပြီး မေးခွန်း နံပါတ် (၃) ဖြစ်သည့် Loyar Myanmar သည် MTG နှင့် ပူးပေါင်းလိုက်သည့်အတွက် ဘယ်လိုဆက်လက်လုပ်ဆောင်မလဲ? ဆိုတာကို မေးခွန်းထုတ်ထားတာနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားရာတွင် အစောပိုင်းကလည်း ဥက္ကဋ္ဌက တင်ပြခဲ့တာရှိကြောင်း၊ ဒီနေရာမှာ ယူတဲ့သူကလည်း ကျွန်တော်တို့ထဲကပဲဖြစ်နေတော့ ကျွန်တော်အနေနဲ့ အနည်းငယ်လေးတင်ပြလိုတာက “လိုရာ” ကို စတင်လုပ်ဆောင်ခဲ့တဲ့အချိန်ဟာ Covid ဖြစ်တဲ့အချိန်ဖြစ်နေပြီး တောက်လျှောက်လုပ်ခဲ့တာမှာ ပြီးခဲ့တဲ့ ဇူလိုင်လမှာတော့ MTG နဲ့ စတင်ပူးပေါင်းခဲ့တာဖြစ်ကြောင်း၊ ဝန်ထမ်းစရိတ်တွေ၊ Digital Ocean ကိုပေးရတာတွေ၊ Google ကိုပေးရတာတွေက တစ်လလျှင် အနည်းဆုံး ကျပ်သိန်း (၃၀၀) ကျော်ကုန်ကျကြောင်း၊ ဝင်ငွေက ရှိပေမဲ့လည်း သိန်းဆယ်ဂဏန်းသာ ရှိတာကြောင့် လတိုင်း Negative ပြနေပြီး၊ MTSH ရှယ်ယာများကိုရောင်းချနေရကြောင်း၊ ဒါကြောင့်

ဒီအတိုင်းသွားရင်တော့မဖြစ်တော့ဘူး၊ လုပ်နိုင်တဲ့သူတစ်ဦး ဦးနဲ့ပေါင်းလုပ်ကြမယ်ဆိုပြီး ပထမပိုင်းမှာတော့ ဘဏ်သူဌေးကြီးတွေနဲ့ ပူးပေါင်းဖို့ကြိုးစားခဲ့ကြောင်း၊ ဒါပေမဲ့လည်း အခြေအနေအရမပေါင်းဖြစ်ခဲ့ကြောင်း၊ နောက်ပိုင်း “လိုရာ” ရဲ့ Investment က (၁.၃) ဘီလီယံကျပ်လောက်ဖြစ်လာတာကြောင့် တစ်ခုခုတော့လုပ်မှဖြစ်တော့မယ်ဆိုပြီး၊ လုပ်ခဲ့ကြတာဖြစ်ကာ ဘယ်လိုပုံစံ ပူးပေါင်းတာလဲ? ဆိုတော့ အကျိုးတူပူးပေါင်းတယ်ဆိုပေမဲ့ တကယ်တမ်းကျတော့ ရှယ်ယာ Investment လုပ်တာပဲဖြစ်ကြောင်း၊ ကျွန်တော်အနေနဲ့ စုစုပေါင်းထပ်ထည့်မှာသည် (၁.၃) ဘီလီယံကျပ်ဖြစ်ပြီး (၂၄) လအတွင်းထည့်ဝင်မှာဖြစ်ကြောင်း၊ စသဖြင့် Presentation Slides များဖြင့် ရှင်းလင်းဖြေကြားခဲ့ပါသည်။



# 1-Our Activities in September

## 4th Anniversary Campaign

- Passenger Top up Wallet - 4000 MMK per one ( over 7,000 pax )
- Discounts within office hour – 5% OFF for kilo fare and 50% OFF for platform fee
- Driver Commission Fee Free - No commission fee for every trip

## Branding Campaign

- Production and transportation sponsor for “သတိထားပါ” series, starring “Nay Htoo Naing”
- 3,000,000 MMK Donation for flooding area ( Thein Oo Monastary, Taungoo )



# 2-Upcoming Activities

## Activities in 2024

**Jingle**

Jingle song for responsibility program

**Sponsor**

Transportation sponsor for SME Trade Fair

**Campaign**

Responsible Users Program

**Partner**

Transportation partner at sweet December show

# Application updates

### UI Changes
For better user interface

### Pricing
Fixed pricing for new experience

### Partial Wallet
For easier payment

### Auto Assign
For better booking progress for drivers and passenger

# Project Proposal

We are planning to improve transportation management and enhancing service quality for passengers at Dagon  Ayar High Way  and Yangon Railway Station.




Railway Station



Dagon Ayar Highway

# Activities in 2025

Launching & Rebranding in  March, 2025.



ကျွန်တော်ယူဆတာကတော့ ၂၀၂၅ ခုနှစ်သည်“လိုရာ”အတွက်အခြေအနေပေးတယ်၊ ခြေခင်းလက်ခင်း လည်းသာယာပြီး အစစအဆင်ပြေတယ်ဆိုရင်တော့ တကယ့် Turning Point တစ်ခုဖြစ်လာမယ်လို့ထင်ပါကြောင်း၊ ကျွန်တော်များရဲ့ အစုရှယ်ယာဝင်တစ်ဦး မေးထားတဲ့မေးခွန်းကို ဖြေကြားရင်း နိဂုံးချုပ်ခွင့်ပြုပါဟု ပြောကြား ခဲ့ပါသည်။

**အစီအစဉ် (၆) အရ** - မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် ရွေးချယ်ခန့်ထားရန်အတွက်၊ **“Win Thin & Associate”** စာရင်းစစ်အဖွဲ့အား မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီအတွက် ပြင်ပစာရင်းစစ်အဖြစ်ခန့်အပ်မည်ဖြစ်ကြောင်းကို တက်ရောက်လာ သည့် အစုရှယ်ယာရှင်အား သဘောတူပါသလား? မေးမြန်းရာ တက်ရောက်လာကြသူများက သဘောတူပါ ကြောင်း၊ ပြောကြားသဖြင့် **“Win Thin & Associate”** စာရင်းစစ်အဖွဲ့အား ပြင်ပစာရင်းစစ်အဖြစ်ဆက်လက် ခန့်အပ်မည်ဖြစ်ကြောင်း၊ အခမ်းအနားမှူး ဒေါ်ယုယုခိုင်ကကြေညာပါသည်။

**အစီအစဉ် (၇) အရ** - ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များနုတ်ထွက်ခြင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အတွက် ရွေးချယ်ထားသောဒါရိုက်တာအဖွဲ့ဝင်များအား အတည်ပြုပေးခြင်းအစီအစဉ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာ နှစ်အတွက် ဒါရိုက်တာ (၃) ဦးနုတ်ထွက်မည်ဖြစ်ရာ ၎င်းတို့မှာ (၁) ဦးမင်းဇေယျာလှိုင် (၂) ဦးအောင်အောင် နှင့် (၃) ဦးအောင်စိုးမိုးတို့ဖြစ်ကြောင်း၊ ဒါရိုက်တာအဖွဲ့ဝင်အတွက် အရွေးချယ်ခံသည့်သူ (၃)ဦးသာရှိသည့်အတွက် ဦးမင်းဇေယျာလှိုင်၊ ဦးအောင်အောင်နှင့် ဦးအောင်စိုးမိုးတို့အား ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ပြန်လည်ခန့်အပ် မည်ကို အစုရှယ်ယာရှင်များက “သဘောတူပါသလား” ဟု အခမ်းအနားမှူးက မေးမြန်းရာ တက်ရောက်လာ ကြသူများက သဘောတူပါကြောင်းပြောကြားသဖြင့် ဦးမင်းဇေယျာလှိုင်၊ ဦးအောင်အောင်နှင့် ဦးအောင်စိုးမိုး တို့အား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ပြန်လည်ခန့်အပ်မည်ဖြစ်ကြောင်း၊ အခမ်းအနားမှူး ဒေါ်ယုယုခိုင်ကကြေညာပါသည်။

ဆက်လက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ရွေးချယ်ထားသော ဒါရိုက်တာများအား မှတ်တမ်းတင် ရန်အတွက် စုပေါင်းဓါတ်ပုံရိုက်ကူးကြပါသည်။

**အစီအစဉ် (၈) အရ** - ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးမင်းဇေယျာလှိုင်က အမှာစကားပြောကြားရာတွင် -

“အားလုံးပဲမင်္ဂလာပါခင်ဗျာ” ဟု ဦးစွာနှုတ်ခွန်းဆက်သပြီး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အရွေး ချယ်ခံရသည့် ဒါရိုက်တာအဖွဲ့၏ ကိုယ်စားပြောကြားခြင်းဖြစ်ကြောင်း၊ ကျေးဇူးတင်စကားလည်းပြောကြားရင်း အစုရှယ်ယာရှင်များအားလုံးကိုလည်း ကျွန်တော်တို့နဲ့ပူးပေါင်းဆောင်ရွက်ကြဖို့ ဖိတ်ခေါ်ချင်ပါကြောင်း၊ MTI အများပိုင်ကုမ္ပဏီတည်ထောင်ခဲ့တာဆိုရင် (၁၁) နှစ်ကျော် ရှိခဲ့ပြီဖြစ်ရာ ကျွန်တော်တို့ BOD များထဲမှာလည်း

လုပ်ငန်းများကိုတည်ထောင်ပြီး၊ ရှယ်ယာရှင်တွေထံက ရှယ်ယာငွေများထည့်ဝင်ကာ လုပ်ဆောင်ခဲ့ကြောင်း၊ ၎င်းကဲ့သို့လုပ်ကိုင်နေရင်းနဲ့ Investment လိုအပ်လာတာကိုတွေ့ရကြောင်း၊ အခုဆိုရင် "လိုရာ" နဲ့ MPSS က တော့ သိသာထင်ရှားပြီး၊ ဒီလိုမျိုး Product တွေဆိုတာက Marketing ကို သေချာလုပ်ပြီး လူအများ Awareness ဖြစ်အောင်လုပ်နိုင်မှသာ သုံးလာကြမဲ့ Product များဖြစ်ကြောင်း၊ "လိုရာ" ဆိုရင်လည်း ထပ်မံမထည့်နိုင်တော့ တာကြောင့် အပြင်က Partner များရှာခဲ့ကြောင်း၊ ဒါလည်းမရတဲ့အခါ ကံကောင်းစွာနဲ့ပဲ ကျွန်တော်တို့အထဲက BOD တစ်ဦးကပဲ "လိုရာ" ကိုပူးပေါင်းဆောင်ရွက်မယ်ဆိုပြီး ဖြစ်လာကာ ဆက်သွားနိုင်ခဲ့တာဖြစ်ကြောင်း၊ MPSS သည်လည်း ထိုနည်းလည်းကောင်းပဲဖြစ်ပြီး MTG လိုမျိုး ကျွန်တော်တို့နဲ့ ပူးပေါင်းလုပ်ဆောင်ချင်တဲ့သူရှိပါက ဖိတ်ခေါ်ချင်ပါကြောင်း၊ ငွေအလုံးအရင်းနဲ့ Operation ကိုဆက်ပြီး Run မှသာအောင်မြင်မည့် အနေအထား ဖြစ်ကြောင်း၊ ကျွန်တော်တို့တွေ လုပ်နိုင်တဲ့အတိုင်းအတာတစ်ခုအထိ တည်ဆောက်ခဲ့ပြီး၊ တကယ်တမ်း ဒီ Product ကြီးတစ်ခုလုံးကို Launch လုပ်နိုင်ဖို့၊ ဆက်လက်ပြီး တည်တံ့ခိုင်မြဲကာ အောင်မြင်ဖို့ကတော့ အားလုံး ဝိုင်းဝန်းကြဖို့ဖိတ်ခေါ်ချင်ပါကြောင်း၊ နောက်ထပ်ပြီးတော့လည်း အခုဒီမှာမတင်ပြနိုင်သေးတဲ့ လုပ်ငန်းတွေ လည်းရှိသေးကြောင်း၊ တင်ပြနိုင်တဲ့အခါကျရင်လည်း အစုရှယ်ယာရှင်များအားလုံးကို အသိပေးသွားမှာဖြစ် ကြောင်း၊ ရှယ်ယာရှင်များအနေနဲ့ကလည်း ငွေများစုဆောင်းထားပြီး ကျွန်တော်တို့ဘက်က ရှယ်ယာခေါ်တဲ့အခါ ထည့်ပေးနိုင်ရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ကျွန်တော်များ BOD အဖွဲ့အသစ်အနေနဲ့ကတော့ အတတ်နိုင် ဆုံး၊ အကောင်းဆုံးဖြစ်အောင် ဆက်လက်ကြိုးစားသွားကြမှာဖြစ်တယ်ဆိုတာပြောကြားရင်း၊ နိဂုံးချုပ်ခွင့်ပြုပါ ဟု ပြောကြားခဲ့ပါသည်။

**အစီအစဉ် (၉) အရ** - ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး အောင်မြင်စွာပြီးဆုံးကြောင်း၊ အခမ်းအနားမှူးကကြေညာပြီး MTI အများပိုင်ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေ အစည်း အဝေးကို မွန်းတည့် (၁၂:၀၀) နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

| | | |
|---|---|---|
| **အစည်းအဝေးမှတ်တမ်းတင်သူ** | | **အတည်ပြုသူ** |
| သူရ | | ထင်အောင်ခိုင် |
| Manager<br>MTI Corporation | | Chairman<br>MTI Corporation |

Myanmar Technologies and Investment Corporation